# ပြည်ထောင်စုတရားလွှတ်တော်ချုပ်

## ၂၀၁၇ ခုနှစ်၊ တရားမအယူခံမှုအမှတ် ၇၇၀

ရှမ်းပြည်နယ်တရားလွှတ်တော် ၂၀၁၇ ခုနှစ် တရားမအပထမအယူခံမှုအမှတ် ၆၃ တွင် ချမှတ်သော ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၄ ရက်စွဲပါ စီရင်ချက်နှင့် ဒီကရီအပေါ် တင်သွင်းသော အယူခံမှု

ဦးသက်နိုင်ထွန်း (ခ) နိုင်ထွန်း နှင့် ဦးညီညီထွေး

အယူခံတရားလို အယူခံတရားပြိုင်

အယူခံတရားလိုအတွက် - ဦးမြင့်သွင် ၊ တရားလွှတ်တော်ရှေ့နေ

အယူခံတရားပြိုင်အတွက် - ဒေါ်ပြည့်ပြည်အောင် ၊ တရားလွှတ်တော်ရှေ့နေ

## စီရင်ချက်

ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ ၂၄ ရက်

တောင်ကြီးခရိုင်တရားရုံး၊ ၂၀၁၅ ခုနှစ်၊ တရားမကြီးမှုအမှတ် ၆၆ တွင် တရားလို ဦးညီညီထွေး က တရားပြိုင် ဦးသက်နိုင်ထွန်း (ခ) နိုင်ထွန် ပါ ၂ ဦးအပေါ် (၂၃၂၈၂၁၅၄) ကျပ်ရလိုမှု စွဲဆိုရာ တရားစွဲဆိုသည့်အတိုင်း ဒီကရီချမှတ်ခဲ့သည်။ တောင်ကြီးခရိုင်တရားရုံးက ချမှတ်ခဲ့သည့် စီရင်ချက်နှင့် ဒီကရီအပေါ် မူလရုံး (၁)တရားပြိုင် ဦးသက်နိုင်ထွန်း (ခ) နိုင်ထွန်းမှ ကျေနပ်မှု မရှိသောကြောင့် ရှမ်းပြည်နယ်တရားလွှတ်တော်သို့ ၂၀၁၇ ခုနှစ်၊ တရားမပထမအယူခံမှုအမှတ် ၆၃ ဖြင့် တက်ရောက်ရာ မူလတောင်ကြီးခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုပြီး အယူခံမှုကို ပလပ်သောကြောင့် ဦးသက်နိုင်ထွန်း(ခ)နိုင်ထွန်း က တင်သွင်းလာသော အမှုဖြစ်သည်။

အဆိုလွှာတွင် တရားလိုနှင့် (၁)တရားပြိုင်တို့ သဘောတူပြုလုပ်ချုပ်ဆိုခဲ့ကြသည့် ၃၀-၄-၂၀၁၂ ရက်စွဲပါ စာချုပ်အရ (၁)တရားပြိုင်က တရားလိုထံသို့ ငွေကျပ် ၂၃၂၈၂၁၅၄ ပေးချေရန်ရှိသော်လည်း ပေးချေခဲ့ခြင်းမရှိကြောင်း၊ နောက်ပိုင်းတွင် (၂)တရားပြိုင်က (၁)တရားပြိုင်ကိုယ်စားတာဝန်ယူပေးချေမည်ဟု ကမ်းလှမ်းပြောဆိုပြီး ၂၈-၁၀-၂၀၁၃ ရက်နေ့တွင် ငွေကျပ် ၅ သိန်း၊ ၁၇-၅-၂၀၁၄ ရက်နေ့တွင် တန်ဖိုးငွေကျပ် ၆၀၂၀၀၀ တန်ဖိုးရှိ ကြံထွက်ကုန်ပစ္စည်းများ လာရောက်ပေးအပ်သဖြင့် တရားလိုက (၂)တရားပြိုင်ထံမှ စုစုပေါင်းငွေကျပ် ၁၁၀၂၀၀၀ ကို

လက်ခံရရှိခဲ့ကြောင်း၊ ကျန်ရှိသည့်ငွေကျပ် ၂၃၂၉၂၁၅၄ ကို ဆက်လက်ပေးချေခြင်းမပြုသဖြင့် တရားလိုက ရှေ့နေမှတစ်ဆင့် အကြောင်းကြားစာ ပေးပို့သော်လည်း လိုက်နာခြင်းမရှိ၍ တရားစွဲဆိုရကြောင်း အဆိုပြုသည်။

ချေလွှာတွင် ၂၉-၁၀-၂၀၁၃ ရက်နေ့တွင် ငွေကျပ် ၅ သိန်း၊ ၁၇-၅-၂၀၁၄ ရက်နေ့တွင် ကုန်ပစ္စည်းတန်ဖိုးငွေကျပ် ၆၀၂၀၀၀ ပေးသွင်းသည်ဆိုသောအချက်မှလွဲ၍ ကျန်အချက်များ မမှန်ကြောင်း၊ ၂၃-၅-၂၀၀၇ မှစ၍ တရားလိုလုပ်ကိုင်သည့် နဝရတ်သကြားစက်မှ အာမို၊ ပုလဲ၊ ဘိလပ်မြေ၊ သစ်၊ ဒီဇယ် စသည်တို့ကို (၁)တရားပြိုင်က ကုန်ကြွေးရယူခဲ့ပြီး တင်လဲရည်နှင့် ကြံများ ပြန်လည်ပေးသွင်းသည့်စနစ်ဖြင့် လုပ်ငန်းစတင်ခဲ့ကြောင်း၊ ကြံဈေးနှုန်းကျဆင်းသည့် နှစ်များတွင် (၁) တရားပြိုင် က နဝရတ်သကြားစက်သို့ တင်လဲရည်များပေးသွင်းခဲ့သော်လည်း တရားလိုက လက်မခံသဖြင့် အကြွေးများဖြစ်ပေါ်ခဲ့ကြောင်း၊ ထို့ကြောင့် ၅-၆-၂၀၀၈ ရက်နေ့နှင့် ၂၂-၁၂-၂၀၁၀ ရက်နေ့တို့တွင် အကြွေးပေးဆပ်ရန် စာချုပ်တစ်ကြိမ်စီ ပြုလုပ်ပြီးနောက် မှ ၃၀-၄-၂၀၁၂ ရက်စွဲပါ စာချုပ်ဖြစ်ပေါ်လာကြောင်း၊ (၂) တရားပြိုင်က (၁) တရားပြိုင်ကိုယ်စား ပေးချေရမည့် အကြွေးများကို ပေးချေမည်ဟု ပြောဆိုခဲ့ခြင်းမရှိကြောင်း၊ မိခင်ဖြစ်သူရောဂါသည်းချိန် ဦးညီညီထွေးက အကြိမ်ကြိမ်အကြွေးလာရောက်တောင်းသဖြင့် (၂) တရားပြိုင်က မိခင်ကြီး မသိစေရန် တရားလို၏ သကြားစက်သို့ ငွေနှင့်ကြံထွက်ပစ္စည်းများ အေးရာအေးကြောင်း ပေးသွင်းခဲ့ခြင်းဖြစ်ကြောင်း၊ (၂) တရားပြိုင်နှင့် တရားလိုတို့အကြား မည်သည့်စာချုပ်စာတမ်း သဘောတူညီချက်မျှမရှိကြောင်း၊ (၁) တရားပြိုင်က တရားလိုထံမှ ကုန်ကြွေးယူထားသည့် စုစုပေါင်း တန်ဖိုးမှာ ၆၆၄၀၉၀၈/- သာဖြစ်ပြီး အတိုးငွေ ၁၆၆၅၁၂၄၆ ကျပ်ကို တရားလိုက တောင်းခံထားကြောင်း၊ (၁) တရားပြိုင်နှင့် တရားလိုအကြား အတိုးနှုန်းသတ်မှတ် သဘောတူထားသည့် ကတိစာချုပ်စာတမ်းမရှိကြောင်း၊ (၁) တရားပြိုင်က တရားလိုထံသို့ ငွေကျပ် ၂၃၂၉၂၁၅၄ ကျပ်ပေးရန်မရှိကြောင်း နှစ်ဦးသဘောတူဝန်ခံကတိစာချုပ်မဟုတ်ကြောင်း၊ တရားလိုနှင့် ၎င်း၏ရှေ့နေက (၁) တရားပြိုင်အား ၎င်း၏သကြားစက်သို့ခေါ်ပြီး လုပ်ငန်းသဘောအရ စာချုပ်သည်ဟုပြောကာ လက်မှတ်ရေးထိုးစေခဲ့ကြောင်း၊ တရားလိုတောင်းခံသည့် ငွေကျပ် ၂၃၂၉၂၁၅၄ တွင် အတိုးငွေကျပ် ၁၆၆၅၁၂၄၆ ကို နုတ်ပယ်ပြီး အမှန်တကယ်ပေးရန်ရှိငွေ ၆၆၄၀၉၀၈ ကျပ်ကိုသာ ပေးဆပ်ခွင့်ပြုပါရန်နှင့် ဒေါ်အတာ အား ပူးတွဲစွဲဆိုထားခြင်းကို ခွင့်မပြုပါရန် ချေပထားသည်။

မူလတောင်ကြီးခရိုင်တရားရုံးက တရားလို၏ ထွက်ဆိုချက်အရပင် တရားလို၏ နဝရတ်သကြားစက်နှင့် (၁)တရားပြိုင် ဦးသက်နိုင်ထွန်း (ခ) နိုင်ထွန်း တို့သည် သကြားစက်မှ ကြိုတင်ငွေနှင့် ပစ္စည်းယူပြီး ကြံရာသီပေါ်ချိန်တွင် ကြံထွက်ပစ္စည်းများပေးသွင်းခြင်းစနစ်ဖြင့် လုပ်ငန်းလုပ်ကိုင်ရန် သဘောတူခဲ့ကြကြောင်းနှင့် (၁)တရားပြိုင်က ကြံထွက်ပစ္စည်းများ သကြားစက်သို့ပေးသွင်းခြင်းမပြုသဖြင့် ကြွေးကျန်များဖြစ်ပေါ်လာသဖြင့် စာရင်းရှင်းလင်းကြပြီးနောက် **သက်သေခံ (က)၊ (ခ)၊ (ဂ)** နှစ်ဦးသဘောတူ ဝန်ခံကတိစာချုပ်များ ချုပ်ဆိုကြရာ (၁)တရားပြိုင် နှင့်သာပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း၊ အချင်းဖြစ်ငွေများသည် (၁) တရားပြိုင်နှင့်သာ သက်ဆိုင်

ကြောင်း အမှုတွင် အငြင်းမပွားပေါ်ပေါက်ပြီးဖြစ်၍ အမှုတွင် (၂) တရားပြိုင်အား ပူးတွဲ စွဲဆိုရန် မလိုအပ်ကြောင်း သုံးသပ်၍ တရားလိုသည် (၁)တရားပြိုင်ထံမှ ကုန်ကြွေးကျန်ငွေ ၂၃၂၉၂၁၅၄ ကျပ် (ကျပ်နှစ်ရာသုံးဆယ့်နှစ်သိန်းကိုးသောင်းနှစ်ထောင်တစ်ရာငါးဆယ့်လေးတိတိ) ကို ရထိုက်ကြောင်း စရိတ်နှင့်တကွ အနိုင်ဒီကရီချပေးခဲ့သည်။

ရှမ်းပြည်နယ်တရားလွှတ်တော်က မူလရုံး (၁)တရားပြိုင် ဦးသက်နိုင်ထွန်း (ခ) နိုင်ထွန်းမှ ဦးညီညီထွေး ထံသို့ ပေးဆပ်ရန် အမှန်ငွေမှာ (၆၆၄၀၉၀၈) သာဖြစ်ကြောင်း၊ ကျန်တောင်းဆိုသည့် ငွေများမှာ အတိုးငွေများသာဖြစ်ကြောင်း စသည်ဖြင့် အပြည့်အဝ သက်သေပြရန်တာဝန်သည် သက်သေခံအက်ဥပဒေပုဒ်မ ၁၀၂ နှင့် ယင်းဥပမာ (ခ) တို့အရ ၎င်း ဦးသက်နိုင်ထွန်း (ခ) နိုင်ထွန်း အပေါ် ကျရောက်ကြောင်း၊ ဦးညီညီထွေး သည် ဦးသက်နိုင်ထွန်း (ခ) နိုင်ထွန်း ထံမှ ကုန်ကြွေးကျန်ငွေ (၂၃၂၉၂၁၅၄) ကျပ်ကို ရထိုက်ပါသည်ဟု မူလတောင်ကြီးခရိုင်တရားရုံးမှ ချမှတ်ခဲ့သည့် စီရင်ချက်နှင့်ဒီကရီသည် ဥပဒေကြောင်းအရဖြစ်စေ၊ အကြောင်းခြင်းရာများအရဖြစ်စေ မှားယွင်းသည်ဟု မဆိုနိုင်ကြောင်း သုံးသပ်၍ မူလ တောင်ကြီးခရိုင်တရားရုံး၏ စီရင်ချက်နှင့် ဒီကရီကို အတည်ပြုခဲ့သည်။

အယူခံတရားလိုက စာရင်းရှင်းရာတွင် ကြွေးကျန်ကို နောက်နှစ်စာရင်းသို့ ထည့်ပေါင်းရာ၌ အတိုးဖြင့် ထည့်ပေါင်းခြင်းဖြစ်ကြောင်း တရားပြိုင်ပြသက်သေ ကိုကံချာ (ပြိုင်ပြ-၅)၊ ဦးအောင်ဝင်း (ပြိုင်ပြ-၆)၊ ဦးသောင်းစိန် (ပြိုင်ပြ-၇)၊ ဦးမျိုးလွင် (ပြိုင်ပြ-၈) တို့က ထွက်ဆိုခဲ့ကြောင်း၊ သက်သေခံဥပဒေပုဒ်မ ၆၀ အရ နှုတ်သက်သေခံချက်သည် မည်သည့်အမှုများတွင်မဆို တိုက်ရိုက်ဖြစ်ရမည်ဟု ဖော်ပြထားကြောင်း၊ ယခုအမှုတွင် ပြိုင်ပြသက်သေများသည် ၎င်းတို့ကိုယ်တိုင် သိရှိဆောင်ရွက်ခဲ့ရသည်များကို တိုက်ရိုက်ထွက်ဆို ထားခြင်းဖြစ်၍ သက်သေခံဝင်ကြောင်း၊ တောင်ကြီးခရိုင်တရားရုံး၊ တရားမကြီးမှုအမှတ် ၆၆/ ၂၀၁၅ နှင့် ရှမ်းပြည်နယ်တရားလွှတ်တော်၊ တရားမပထမအယူခံမှုအမှတ် ၆၃/၂၀၁၇ တို့အား စိစစ်ပြီး မူလခရိုင်တရားရုံးနှင့် ရှမ်းပြည်နယ်တရားလွှတ်တော်တို့၏ စီရင်ချက်နှင့် ဒီကရီကို ပယ်ဖျက်၍ မူလရုံးတရားပြိုင်ဖြစ်သည့် အယူခံတရားလို ချေပထားသည့်အတိုင်း အတိုးငွေများအား ထုတ်နှုတ်၍ ကုန်ကြွေးကျန်ငွေ ၆၆၄၀၉၀၈ ကျပ်သာ ပြန်လည်ပေးဆပ်စေရန် ပြင်ဆင်၍ အမိန့်ချမှတ်ပေးပါမည့်အကြောင်း တင်ပြသည်။

အယူခံတရားပြိုင်၏ရှေ့နေက တောင်ကြီးခရိုင်တရားရုံးတော်တွင် တရားလိုဘက်က တင်ဆက်ထားသည့် အဆိုလွှာနှင့်တရားလို၏ ရုံးရှေ့ထွက်ဆိုချက်များအရ တရားလိုနှင့် အမှတ်(၁) တရားပြိုင်တို့အကြား **သက်သေခံ-က၊ သက်သေခံ-ခ၊ သက်သေခံ-ဂ** စာချုပ်များ ပြုလုပ်ချုပ်ဆိုခဲ့ကြောင်းပေါ်ပေါက်၍လည်းကောင်း၊ အမှတ်(၁) တရားပြိုင်နှင့် တရားပြိုင်ပြသက်သေများ၏ ထွက်ဆိုချက် များအရလည်း တရားပြိုင်က တရားလိုထံမှ ကြံစိုက်ပျိုးရန်အတွက် စိုက်ပျိုးစရိတ်ငွေများရယူခဲ့ကြောင်းနှင့် အမှတ်(၁) တရားပြိုင်က တရားလိုထံမှ ရယူထားသောငွေများကိုပေးဆပ်ရမည့် သတ်မှတ်ရက်တွင်ပေးဆပ်ရန် ပျက်ကွက်ခဲ့ကြောင်း ပေါ်ပေါက်သဖြင့်

လည်းကောင်း၊ မူလရုံးနှင့်အယူခံရုံး(၂)ရုံးတို့က တညီတညွတ်တည်းဆုံးဖြတ်ထား၍လည်းကောင်း အယူခံမှုအား ပလပ်ပေး ပါရန်တင်ပြသည်။

မူလရုံးအမှုတွဲကိုစိစစ်လေ့လာရာ **သက်သေခံ-က၊ သက်သေခံ-ခ၊ သက်သေခံ-ဂ** စာချုပ်များချုပ်ဆို၍ အယူခံတရားလိုက အယူခံတရားပြိုင်ထံမှ ငွေကျပ်စုစုပေါင်းမှာငွေကျပ် ၂၄၃၉၄၁၅၄/- (ကျပ်နှစ်ရာလေးဆယ့်သုံးသိန်းကိုးသောင်းလေးထောင့်တစ်ရာငါးဆယ်လေးတိတိ) ရယူထားကြောင်း၊ အဆိုပါ ရယူထားသည့်ငွေများကိုပေးဆပ်ရန် သတ်မှတ်ထားသော (၁-၅-၂၀၁၃) ရက်နေ့တွင် ပေးဆပ်ခြင်းမပြုပျက်ကွက်ခဲ့ကြောင်း၊ အယူခံတရားလိုကပေးရန်ရှိသောငွေကျပ် ၂၄၃၉၄၁၅၄/ (ကျပ်နှစ်ရာလေးဆယ့်သုံးသိန်းကိုးသောင်းလေးထောင့်တစ်ရာငါးဆယ်လေးတိတိ) ထဲမှငွေ ၅၀၀၀၀၀/- (ငါးသိန်းကျပ်တိတိ) နှင့်တန်ဘိုးငွေကျပ် ၆၀၂၀၀၀/- (ခြောက်သိန်းနှင့် နှစ်ထောင်တိတိ)နှင့်ညီမျှသော ကြိထွက်ကုန်ပစ္စည်းများကို သွားရောက်ပေးသွင်းခဲ့ကြောင်း၊ **သက်သေခံ-ဃ** အရ ပေါ်ပေါက်သည်။ ထို့ပြင် မူလရုံးတွင် အမှတ်(၁) တရားပြိုင်ကတရားလိုထံသို့ ၂၃၂၉၂၁၅၄/- (ကျပ်နှစ်ရာသုံးဆယ့်နှစ်သိန်းကိုးသောင်းနှစ်ထောင့်တစ်ရာငါးဆယ်တိတိ) ကျပ် ပေးဆပ်ရန်ရှိကြောင်း ထွက်ဆိုထားသည်ကိုတွေ့မြင်နိုင်ပါသည်။

မူလရုံးရှိ တရားလို(အယူခံတရားပြိုင်) ဘက်ကသက်သေခံများအဖြစ် တင်ဆက် လက်ခံထားသော သက်သေခံချက်များနှင့်ရုံးရှေ့ထွက်ဆိုချက်များအရ တရားလိုနှင့်တရားပြိုင်တို့ အကြား **သက်သေခံ-က** (၅-၆-၂၀၀၈) " နှစ်ဦးသဘောတူကတိခံဝန်ချက်" စာချုပ်၊ **သက်သေခံ-ခ၊** (၂၂-၁၂-၂၀၁၀) ရက်စွဲပါ " နှစ်ဦးသဘောတူကတိခံဝန်ချက်" စာချုပ်၊ **သက်သေခံ-ဂ၊** (၃၀-၄-၂၀၁၂) ရက်စွဲပါ " နှစ်ဦးသဘောတူကတိခံဝန်ချက်" စာချုပ်များကို ဦးညီညီထွေးနှင့် ဦးသက်နိုင်ထွန်း တို့ အကြား ပြုလုပ်ချုပ်ဆိုခဲ့ကြောင်းနှင့် အဆိုပါ စာချုပ်များကို ဦးသက်နိုင်ထွန်းက လက်မှတ် ရေးထိုးခဲ့ကြောင်း ပေါ်ပေါက်သည်။

တရားပြိုင်ပြသက်သေများ၏ထွက်ဆိုချက်များတွင် ဦးညီညီထွေးနှင့် ဦးသက်နိုင်ထွန်း တို့အကြား ပြုလုပ်ချုပ်ဆိုခဲ့သည့်ကိစ္စရပ်များနှင့်ပတ်သက်၍ ပါဝင်ဆောင်ရွက်ခဲ့ခြင်း မရှိကြောင်း ထွက်ဆိုထားပါသည်။ ထို့ကြောင့် အယူခံတရားလိုက အတိုးများထည့်ပေါင်းကာချုပ်ဆိုထားကြောင်း ထွက်ဆိုထားသော်လည်း ထိုသို့ အတိုးများထည့်ပေါင်းကာချုပ်ဆိုခဲ့ကြောင်းကို သီးခြားခိုင်မာသော လုံလောက်သောသက်သေခံချက်များ/ အထောက်အထားများ တင်ပြနိုင်ခြင်းမရှိကြောင်း သုံးသပ် ရပေသည်။

တရားပြိုင်ပြသက်သေများ၏ထွက်ဆိုချက်များအရ ၎င်းတို့အနေဖြင့် တရားလိုနှင့် တရားပြိုင်တို့အကြားဖြစ်ပွားသည့်အမှုဖြစ်အကြောင်းအရာများကို ကိုယ်တိုင်သိရှိမြင်တွေ့ကြားသိ ခြင်းမရှိကြောင်း ပေါ်ပေါက်နေသည့်အတွက် သက်သေခံဥပဒေပုဒ်မ ၆၀ အရ သက်သေခံအဖြစ် လက်ခံနိုင်မည်မဟုတ်ပေ။

အယူခံတရားလိုဘက်က ကိုးကားတင်ပြထားသည့် **မောင်ချစ်လှ ပါ - ၆ နှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်လှန်ရေးအစိုးရ အမှု** [(၁)] တွင် တရားလိုပြသက်သေများအဖြစ် ထွက်ဆိုခဲ့ကြသူများသည် အမှုဖြစ်စဉ်တစ်ခုလုံးကို မျက်မြင်တွေ့မြင်သိရှိပါဝင်သူများဖြစ်သောကြောင့် ၎င်းတို့၏နှုတ်သက်သေခံချက်များသည် သက်သေခံဥပဒေပုဒ်မ ၅၉ အရ သက်သေခံဝင်သည့် နှုတ်သက်သေခံချက်များအဖြစ် ကောက်ယူဆုံးဖြတ်ထားသဖြင့် ဤအမှုဖြစ်စဉ်နှင့်ကိုက်ညီမှုမရှိပေ။

ဦးညီညီထွေးနှင့် ဦးသက်နိုင်ထွန်း (ခ) နိုင်ထွန်း တို့ချုပ်ဆိုခဲ့ကြသည် **သက်သေခံ-က၊ သက်သေခံ-ခ၊ သက်သေခံ-ဂ** စာချုပ်များပါ သဘောတူညီချက်များ သက်သေထွက်ဆိုချက်များ အရ ဦးညီညီထွေးထံမှ ဦးသက်နိုင်ထွန်း (ခ) နိုင်ထွန်းက ကြံစိုက်ရန် စိုက်ပျိုးစရိတ်ငွေများရယူခဲ့ ကြောင်း၊ ယင်းငွေများကို ပေးဆပ်ရန်သတ်မှတ်သောရက်တွင် ပေးဆပ်ရန်ပျက်ကွက်ကြောင်း ပေါ်ပေါက်သဖြင့် ဦးညီညီထွေးသည် ဦးသက်နိုင်ထွန်း (ခ) နိုင်ထွန်း ထံမှကုန်ကြွေးကျန်ငွေ ၂၃၂၉၂၁၅၄/- (ကျပ်နှစ်ရာသုံးဆယ့်နှစ်သိန်းကိုးသောင်းနှစ်ထောင့်တစ်ရာငါးဆယ်တိတိ) ကို စရိတ်နှင့်တကွ ရထိုက်ကြောင်းချမှတ်သော တောင်ကြီးခရိုင်တရားရုံး၏ စီရင်ချက်နှင့်ဒီကရီကို အတည်ပြုသည့် ရှမ်းပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီမှာ ဥပဒေအရမှားယွင်းမှု မရှိပေ။

ထို့ကြောင့် ရှမ်းပြည်နယ်တရားလွှတ်တော်၏ စီရင်ချက်နှင့်ဒီကရီကို ဆက်လက် အတည်ပြုပြီး ဤတရားမအယူခံမှုကိုစရိတ်နှင့်တကွ ပလပ်လိုက်သည်။

ရှေ့နေစရိတ် ကျပ် ၃၀၀၀၀၀/- သတ်မှတ်သည်။

( ခင်မောင်ကြည် )
ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီး

---

၁။ ၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံး၊ စာ- ၉၇၈